# Highlights from DVB Debate's Heritage Show

## September 17, 2016

## "How to restore Bagan's Heritage?"

"၁၉၆၀ ဒီဘက်ပိုင်းမှာတော့ လူ့ပယောဂကြောင့် အမွေအနှစ်တွေ ပျက်စီးတာများတယ်။
ပုဂံကိုအခြေလာစိုက်တဲ့ ပုဂ္ဂလိက စီးပွားရေးသမားတွေများ လာတာကြောင့် ပိုပျက်လာတာများတယ်"

တမ္ပဝတီ ဦးဝင်းမောင် - မြန်မာမှုဗိသုကာပညာရှင်

---

"ရှေးဟောင်းအမွေအနှစ်နဲ့ ပတ်သက်တဲ့ ပညာရပ်တွေ ဒေသခံတွေကို ပို့ချပေးတာ၊
ဘုရားတွေကို ရေရှည်ထိန်းသိမ်းမှု ပညာရပ်ကျောင်းတွေ ပုဂံဒေသမှာပဲ ဖွင့်ပေးပါလို့ အကြံပေးချင်တယ်။
ဒေသခံတွေဟာ ပုဂံဘုရားတွေရဲ့ အခြေခံထိန်းသိမ်းမှု ဘာသာရပ်တွေ တတ်ထားဖို့ လိုတယ်"

ဦးခင်မောင်န - ပုဂံဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဥက္ကဋ္ဌ

---

"ပုဂံဒေသစီမံကွပ်ကဲရေး အစီအစဉ်ကျတဲ့ စီမံခန့်ခွဲမှု အခုထိ မရှိသေးဘူး။ ရှေးဟောင်းအမွေအနှစ်နဲ့
ပတ်သက်တဲ့ ကျောင်းမျိုးတွေ ပုဂံမှာ အရမ်းလိုပါတယ်။ အခုဆို နံရံဆေးရေးပန်းချီ ၅၀ ကျော်
ထိန်းသိမ်းဖို့ကို ရှေးဟောင်းသုတေသနဘက်ကလည်း လူ ၁၀-၁၅ ယောက်ပဲပေးနိုင်တယ် ဒီအင်အားနဲ့ဆို
ဘုရားပေါင်း ၄၀၀၀ ကျော်ကို ထိန်းသိမ်းဖို့ ၃ နှစ်ကြာသွားမယ်။ ဒေသခံအား မပါဘဲ မရနိုင်ဘူး"

ဒေါ်ဥမ္မာမျိုး - ယဉ်ကျေးမှုဆိုင်ရာ အစီအစဉ် အရာရှိ(ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့)

---

"ပျက်စီးသွားရင် ဌာပနာပြီး ပြန်ပြင်ဆင်ချင်ကြတာများတယ်။ အဖိုးတည်ခဲ့တဲ့ ဘုရား နားရွက်ပဲ့
နားရွက်မဆက်ရဘူး ပျက်တဲ့ပုံစံအတိုင်းပဲ ထား၊ ပုဂံဒေသတခုကိုတော့ ပျက်တာတွေမမြင်ချင်တဲ့ မြ
မြန်မာ့အစဉ်အလာတခုထဲနဲ့ မထိန်းသိမ်းပါနဲ့လို့"

တမ္ပဝတီဦးဝင်းမောင် - မြန်မာမှုဗိသုကာပညာရှင်

---

"ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းတာရော ဖွံ့ဖြိုးမှုရော ၂ ခုလုံးကတော့ ဟာမိုနီဖြစ်ဖြစ် ရှိနေဖို့ လိုတယ်"

ဦးသိန်းလွင် - ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန

---

"အမွေအနှစ်ဒေသမှာ ဖွံ့ဖြိုးမှုပဲလုပ်လုပ် ဘာလုပ်လုပ် အမွေအနှစ်တွေကို ဘယ်လို
အကျိုးသက်ရောက်မှုရှိလဲဆိုတာ ဆန်းစစ်တဲ့ အဖွဲ့တွေရှိဖို့လိုပါတယ်။"

ဒေါ်ဥမ္မာမျိုး - ယဉ်ကျေးမှုဆိုင်ရာ အစီအစဉ် အရာရှိ(ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့)

---

“ပုဂံဒေသအတွင်း ဂင်နေတဲ့ ဂင်ငွေတွေနဲ့ ပုဂံဘုရား ပုထိုး စေတီတွေကို ပြုပြင်ထိန်းသိမ်းဖို့ သတ်သတ်မှတ်မှတ် ဘတ်ဂျက်ချထားပေးပြီး လုပ်ဆောင်နေတာ လုံးဝမရှိသေးဘူး။ ဒါတွေက ရေရှည်ကြည့်ပြီး လုပ်ရတော့မှာ”

ဦးခင်မောင်န - ပုဂံဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဥက္ကဋ္ဌ

---

“အမွေအနှစ်တွေနဲ့ ပတ်သက်လို့ နိုင်ငံတော်အဆင့်မူဝါဒရှိဖို့ လိုတယ်။ ဟိုလူကြီးက ဒီလိုပြောလို့ ဒီလူကြီးက ဒါပြောလို့ လုပ်တာတွေ မရှိသင့်တော့ဘူး။ လုပ်ငန်းဖော်ဆောင်တဲ့ အပိုင်းမှာလည်း ကျွမ်းကျင်လုပ်သားတွေလိုတယ် ဘုရားတွေပြုပြင်ဖို့ အုတ်ဖုတ်တာကအစ အုတ်စီတာအဆုံး သေချာနားလည်သူတွေနဲ့ ပြင်ဆင်ထိန်းသိမ်းဖို့ လိုတယ်”

ဒေါ်ဥမ္မာမျိုး - ယဉ်ကျေးမှုဆိုင်ရာ အစီအစဉ် အရာရှိ(ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့)

---